**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**မြန်မာသမိုင်းအဖွဲ့ ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/၉၁)**

၁၃၅၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

(၁၉၉၁ ခုနှစ်၊စက်တင်ဘာလ ၂၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာသမိုင်းအဖွဲ့ ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာသမိုင်းအဖွဲ့ကို ဆိုသည်၊

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည်-

(က) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အဖွဲ့၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါးတည်းသတ်မှတ်ပေးရမည်၊

(ဂ) ယင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များကို အခါအားလျော်စွာ သတ်မှတ်ပေးရမည်၊

## အခန်း (၃)
## အဖွဲ့၏ ရည်မှန်းချက်များ

၄။ အဖွဲ့၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်

(က) မြန်မာနိုင်ငံသမိုင်းကို အထောက်အထား ခိုင်မာစွာ စနစ်တကျ ဖော်ထုတ်ပြုစုရန်၊

(ခ) မြန်မာနိုင်ငံသမိုင်းဆိုင်ရာ အထောက်အထားများကိုပြည်တွင်းပြည်ပမှ ရှာဖွေစုဆောင်းရန်၊

(ဂ) ရှာဖွေစုဆောင်းရရှိပြီးသော အထောက်အထားများကို အခြေခံ၍ မြန်မာနိုင်ငံသမိုင်းကို သုတေသနပြုရန်၊

(ဃ) သုတေသနပြု တွေ့ရှိချက်များကို အခြေခံ၍ ခေတ်အပိုင်းအခြားအလိုက် မြန်မာနိုင်ငံသမိုင်းကို ပြုစုရန်၊

(င) မြန်မာနိုင်ငံသမိုင်းနှင့် ဆက်နွယ်သောဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များထံမှ လိုအပ်သော အကူအညီရယူရန်၊

(စ) မြန်မာနိုင်ငံသမိုင်းနှင့် သက်ဆိုင်သော ကျမ်း၊ စာအုပ်၊ စာစောင်နှင့်စာတမ်းများကိုပြုစုထုတ်ဝေရန်၊

(ဆ) သမိုင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

## အခန်း (၄)

## အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရအဖွဲ့ကို တာဝန်ခံခြင်း၊

(ခ) အဖွဲ့၏ ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံသမိုင်းကို စနစ်တကျ ဖော်ထုတ်ပြုစုရာ၌ ဦးစီးဦး:ဆောင်ပြုခြင်း၊

(ဂ) လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ တက္ကသိုလ်များ သမိုင်းသုတေသနဌာနကိုလမ်းညွှန်မှုပေးခြင်း၊

(ဃ) တက္ကသိုလ်များ သမိုင်းသုတေသနဌာနမှ ပညာရှင်များကို လုပ်ငန်းများ သတ်မှတ်ပေးခြင်း၊

(င) မြန်မာနိုင်ငံသမိုင်းဆိုင်ရာ ကျမ်း၊ စာအုပ်၊ စာစောင်၊ စာတမ်းစသည်များကို စိစစ်အတည်ပြုခြင်း၊

(စ) မြန်မာနိုင်ငံသမိုင်းဆိုင်ရာ စာမူ၊ စာအုပ်နှင့် အထောက်အထားများကို စနစ်တကျထိန်းသိမ်းထားရှိခြင်း၊

(ဆ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် အစိုးရအဖွဲ့တို့က ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း

၈။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) လိုအပ်သော အဖွဲ့ခွဲများဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ခ) အစိုးရဌာနနှင့် အဖွဲ့အစည်းများ ၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူခြင်း၊

(ဂ) စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ပြည်တွင်းပြည်ပမှ ဝယ်ယူခြင်း ငှားရမ်းခြင်း၊ လက်ခံရယူခြင်း။

## အခန်း (၅)

## ဘဏ္ဍာရေး

၇။ အဖွဲ့၏ အသုံးစရိတ်ကို ဝန်ကြီးဌာနမှ ကျခံရမည်။

၈။ အဖွဲ့၏ ရငွေနှင့်သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထားရှိရမည်။

## အခန်း(၆)

## အထွေထွေ

၉။ (က) အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည် အဆင့်မြင့်ပညာဦးစီးဌာနအောက်တွင် တက္ကသိုလ်များသမိုင်း သုတေသန ဌာနကို ဖွဲ့စည်းထားရှိရမည်။

(ခ) တက္ကသိုလ်များ သမိုင်းသုတေသနဌာနသည် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန (သုတေသန)၏ လုပ်ငန်းတာဝန်များ၊ ရပိုင်ခွင့်နှင့် ကြွေးမြီများကို ဆက်ခံ ရမည်။

၁၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အဖွဲ့သည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။